**စစ်ဘက်ရာထူးနှင့်အဆင့်အခေါ်အဝေါ်များသုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**

**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၂။)**

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်

(၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေများ သုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေပုဒ်မ ၃ တွင် -

(က) ပုဒ်မခွဲ(က)၌ပါရှိသော "စစ်ဘက်အဆင့်အခေါ်အဝေါ်ကို မိမိအမည်၏ရှေ့၌ထားပြီး" ဆိုသည့်စကား ရပ်ကို "စစ်ဘက်အဆင့် အခေါ်အဝေါ်ကို မိမိအမည်နှင့် ယှဉ်တွဲ၍ အသုံးပြုပါက ယင်းစစ်ဘက်အဆင့် အခေါ်အဝေါ်ကို မိမိအမည်၏ ရှေ့မှာထားပြီး"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "အငြိမ်းစားဟူသော စကားရပ်ကို ကွင်းစကွင်းပိတ်ဖြင့် မိမိအမည်၏ နောက်၌ ထား၍ ခေါ်ဝေါ်သုံးစွဲရမည်။" ဆိုသည့် စကားရပ်ကို "အငြိမ်းစားဟူသောစကားရပ်ကို ကွင်းစကွင်းပိတ်ဖြင့် မိမိအမည်၏ နောက်၌ ထား၍ ခေါ်ဝေါ်သုံးစွဲနိုင်သည်။ ဆိုသည့် စကားရပ်ဖြင့် လည်းကောင်းအစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ခ) ၌ ပါရှိသော "တပ်မတော်ဆိုင်ရာ စွမ်းရည် သတ္တိဘွဲ့ ဆိုသည့် စကားရပ်၏ ရှေ့တွင် "ပုဒ်မခွဲ(က)အရ ခေါ်ဝေါ်သုံးစွဲသည့်အခါ" ဆိုသည့် စကားရပ်ကိုဖြည့်စွက်ရမည်။

၃။ စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေများသုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေပုဒ်မ ၁၀ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၁၀။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကာကွယ်ရေး ဝန်ကြီးဌာနသည်-

(က) လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများက ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်